(သပ်ဗေ ဗုတ်ဓာ ဗလပ်ပတ်တာ၊ ပစ်စေကာနင်စ ယံဗလံ/)
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
(အရဟန်တာနင်စ တေဇေန၊ ရက်ခံ ဗန်ဓာမိ သပ်ဗသော/)

၈။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
(ယံကိန်စိ ဝိတ်တံ အိဓဝါ ဟုရံ ဝါ၊)
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
(သက်ဂေသု ဝါ ယံ ရတနံ ပဏီတံ/)
န နော သမံ အတ္ထိ တထာဂတေန၊
(န-နော သမံ အတ်ထိ တ-ထာဂတေန/)
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
(အိဒမ်ပိ ဗုတ်ဓေ ရတနံ ပဏီတံ/)
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(အေတေန သစ်စေန သုဝတ်ထိ ဟောတု/)

၉။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
(ယံကိန်စိ ဝိတ်တံ အိဓ ဝါ ဟုရံ ဝါ၊)
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ/)
(သက်ဂေသု ဝါ ယံ ရတနံ ပဏီတံ/)
နနော သမံ အတ္ထိ တထာဂတေန
(န-နော သမံ အတ်ထိ တ-ထာဂတေန/)

ဣဓမ္ဗိ ခမ္မေ ရတနံ ပဏီတံ၊
(အိဒမ်ပိ ခမ်မေ ရတနံ ပဏီတံ/)
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(အေတေန သစ်စေန သုဝတ်ထိ ဟောတု/)
၁၀။ ယံကိဥ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
(ယံကိန်စိ ဝိတ်တံ အိဓ ဝါ ဟုရံ ဝါ၊)
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ/)
(သက်ဂေသု ဝါ ယံ ရတနံ ပဏီတံ/)
န နော သမံ အတ္ထိ တထာဂတေန
(န-နော သမံ အတ်ထိ တ-ထာဂတေန/)
ဣဓမ္ဗိ သံဃေ ရတနံ ပဏီတံ၊
(အိဒမ်ပိ သံဃေ ရတနံ ပဏီတံ/)
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
(အေတေန သစ်စေန သုဝတ်ထိ ဟောတု/)
၁၁။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
(ဘဝ-တု သပ်ဗ-မင်ဂလံ၊ ရက်ခန်တု သပ်ဗ-ဒေဝတာ/)
သဗ္ဗဗုဒ္ဓါ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
(သပ်ဗ-ဗုတ်ဓာ နုဘာဝေန၊ သဒါ သုခီ ဘဝန်တု တေ/)
၁၂။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
(ဘဝ-တု သပ်ဗ-မင်ဂလံ၊ ရက်ခန်တု သပ်ဗ-ဒေဝတာ/)
သဗ္ဗဓမ္မာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
(သပ်ဗ-ဓမ်မာ နုဘာဝေန၊ သဒါ သုခီ ဘဝန်တု တေ/)
၁၃။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
(ဘဝ-တု သပ်ဗ-မင်ဂလံ၊ ရက်ခန်တု သပ်ဗ-ဒေဝတာ/)

သဗ္ဗသံယာ’ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
(သပ်ဗ-သံဃာ’ နုဘာဝေန၊ သဒါ သုခီ ဘဝန်တု တေ/)

၁၄။ မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
(မဟာကာရုဏိကော နာထော၊ ဟိတာယ သပ်ဗ-ပါဏိနံ/)
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိ’ မုတ္တမံ။
(ပူရစ်တဝါ ပါရမီ သပ်ဗာ၊ ပတ်တော သမ်ဗောဓိ မုတ်တမံ/)
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
(အေတေန သစ်စ-ဝစ်ဇေန၊သွတ်ထိ တေ ဟောတု သပ်ဗဒါ/)

၁၅။ ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
(ဇယန်တော ဗောဓိယာ မူလေ၊ သက်ကျာနံ နန်ဒိဝတ်ဒနော/)
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
(ဧဝမေဝ ဇယော ဟောတု၊ ဇယတ်သု ဇယ မင်ဂလေ/)

၁၆။ အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိ ပုက္ခလေ။
(အ-ပရာဇိတ-ပန်လင်ကေ၊ သီသေ ပုထုဝိ-ပုတ်ခလေ/)
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။
(အဘိသေကေ သပ်ဗ-ဗုတ်ဓာနံ၊ အက်ဂပ် ပတ်တော ပမောဒတိ/)

၁၇။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
(သု-နက်ခတ်တံ သု-မဂင်လံ၊ သုတ်ပ-ဘာတံ သုဟုတ်ထိတံ/)
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

(သုခဏော သုမုဟုတ်တော စ၊ သုယိတ်ထံ ပြန်မစာရိသု/)

၁၈။ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
(ပဒက်ခိဏံ ကာယ-ကမ်မံ၊ ဝါစာကမ်မံ ပဒက်ခိဏံ/)
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိ တေ ပဒက္ခိဏာ။
(ပဒက်ခိဏံ မနောကမ်မံ၊ မဏိဓိ တေ ပဒက်ခိဏာ/)

၁၉။ ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
(ပဒက်ခိဏာနိ ကတ်တဝါန၊ လဘန်တတ်ထေ ပဒက်ခိဏေ/)
တေ အတ္ထ လဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
(တေ အတ်ထ- လတ်ဓာ သုခိတာ၊ ဝိရုန်လှာ ဗုတ်ဓသာသနေ/)
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
(အ-ရောဂါ သုခိတာ ဟောထ၊ သဟ သပ်ဗေဟိ ဉာတိဘိ/)

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။
(ပုတ်ဗန်ဏှ-သုတ်တံ နိဋ္ဌိတံ)

# ဓာရဏပရိတ်တော်
# နှင့်
# ဂုဏ်တော်ကွန်ချာ
# ဓာရဏပရိတ်

(မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော် ၁၈-ပါး)

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

၁။ ဗုဒ္ဓနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊
တထာ မေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊

၃။ ကြမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ
ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာ-
နုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။သဗ္ဗံ
မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ပညာယ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋ္ဌံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာ ဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနော ဒုစ္စရိတံ။ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ။ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ။ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ။ ဣမံ ခရဏံ အမိတံ အသမံ၊ သဗ္ဗသတ္တာနံ တာဏံ လေဏံ သံသာရဘယဘီတာနံ အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ခရဏပရိတ္တံ ခာရေဟိ ဝါရေဟိ ပရိပုစ္ဆာဟိ။ တဿ ကာယေ ဝိသံ ကမေယျ၊ ဥဒကေ န လဂ္ဂေယျ၊ အဂ္ဂိ

နုဥ္ဥပဟေယျ၊ နာနာဘယဝိကောၢ၊ န ဧကာဟာရကော၊ န ဒွိဟာရကော၊ န တိဟာရကော၊ န စတုဟာရကော၊ န ဥမ္မတ္တကာံ၊ န မူဠှကာံ၊ မနုဿောဟိ အမနုဿောဟိ န ဟိံသကာ။

၈။ တံ ခါရဏာပရိတ္တံ ယထာ ကတမေ- ဇာလော မဟာဇာလော၊ ဇာလိတ္တော၊ မဟာဇာလိတ္တော၊ ပုဂ္ဂေ မဟာပုဂ္ဂေ၊ သမ္ပတ္တော မဟာသမ္ပတ္တော၊ ဘူတင်္ဂမို တမင်္ဂလံ။ ဣမံ ခေါ ပနာနန္ဒ ခါရဏာပရိတ္တံ သတ္တသတ္တတိ သမ္မာသမ္ဗုဒ္ဓ ကောဋီဟိ ဘာသိတံ၊ ဝတ္တော အဝတ္တော၊ ဂန္ဓဝေ အဂန္ဓဝေ၊ နောမေ အနောမေ၊ သေဝေ အသေဝေ၊ ကာယေ အကာယေ၊ ခါရဏေ အခါရဏော၊ ဣလ္လိ မိလ္လိ၊ တိလ္လိ မိလ္လိ၊ ယောရုက္ခေ မဟာယောရုက္ခေ၊ ဘူတင်္ဂမို တမင်္ဂလံ။

၉။ ဣမံ ခေါ ပနာနန္ဒ ခါရဏာပရိတ္တံ နဝနဝုတိယာ သမ္မာ- သမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ။ ဒိဋ္ဌိလာ ဒဏ္ဍိလာ မန္တိလာ ရောဂိလာ ခရလာ ဒုဗ္ဘိလာ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

## ခါရဏာပရိတ်နိဂုံး

၁။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဇီဝိတဿ၊ အသက်တော်၏။ အန္တရာယော၊ ဘေးအန္တရာယ်ကို။ ကေနစိ၊ ကစ်စုံ တစ်ယောက်သော သူသည်။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ ငါ့အား။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အတီတံသေ၊ လွန်လေပြီးသော အဖို့၌။ အပ္ပဋိဟတံ ဉာဏံ၊ အဆီးအတား အပိတ်အပင် မရှိသော ဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အနာဂတံသေ၊ နောက်လာလတ္တံ့သော အနာဂတ်အဖို့၌။ အပ္ပဋိဟတံ ဉာဏံ၊ အဆီးအတား အပိတ် အပင်မရှိသော ဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန် မျက်မှောက် ဖြစ်သော အဖို့၌။ အပ္ပဋိဟတံ ဉာဏံ၊ အဆီး အတား အပိတ်အပင်မရှိသော ဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။

၃။ တီဟိ၊ သုံးပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဤကျေးဇူး တရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူ သော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြုအပ်သော အမှု သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်ရှေ့သွားခြင်းရှိသည်။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်၏ နောက်သို့ အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ်ဖြင့် ပြုအပ်သော အမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော် ရှေ့သွားခြင်းရှိသည်။

ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်၏ နောက်သို့ အစဉ်လိုက် သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ စိတ်ဖြင့်ပြုအပ်သောအမှု သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော် ရှေ့သွားခြင်းရှိသည်။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်၏ နောက်သို့ အစဉ်လိုက် သည်။ ဟောတိ၊ ဖြစ်၏။

၄။ ဆဟိ၊ ခြောက်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤ ကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော် မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဆန္ဒဿ၊ သတ္တဝါတို့၏ အကျိုးစီးပွားကိုပြုလိုသော ဆန္ဒတော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဓမ္မဒေသနာယ၊ တရားတော်ကို ဟောပြောခြင်း၏။ ဟာနိ၊ ဆုတ်ယုတ် ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝီရိယဿ၊ သူတစ်ပါးတို့၏ အကျိုး စီးပွားအတွက် ဆောင်ရွက်ခြင်း၌ လုံ့လဝီရိယတော်၏။ ဟာနိ၊ ဆုတ်ယုတ် ခြင်းသည်။ နတ္ထိ၊ မရှိ။ သမာဓိဿ၊ စိတ်တည်ကြည်မှု"သမာဓိ"တော်၏။ ဟာနိ၊ ဆုတ်ယုတ် ခြင်းသည်။ နတ္ထိ၊ မရှိ။ ပညာယ၊ မဟာဝဇိရ ဉာဏ်တော် ၏။ ဟာနိ၊ ဆုတ်ယုတ် ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်ကို ဝင်စားတော်မူခြင်း၏။ ဟာနိ၊ ဆုတ် ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။

၅။ ဒွါဒသဟိ၊ တစ်ဆယ့်နှစ်ပါးကုန်သော။ ဣမေဟိ ဓမ္မေ ဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံ တော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး နှင့် ပြည့်စုံ တော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒဝါ၊ ရယ်မြူး

လို၍ ပြုမူပြောဆိုခြင်းသည်။ နတ္ထိ၊ မရှိ။ ရဝါ၊ သတိလွတ်၍ ချွတ်ယွင်းပြုမူပြောဆိုခြင်းသည်။ နတ္ထိ၊ မရှိ။ အဖုဋ္ဌံ၊ ဉာဏ်တော်နှင့် မတွေ့မထိ မသိအပ် သော တရားသည်။ နတ္ထိ၊ မရှိ။ ဝေဂါယိတတ္တံ၊ ဉာဏ်တော်ဖြင့် မဆင်မခြင် အဆောတလျင်ပြုအပ်သော အမှုသည်။ နတ္ထိ၊ မရှိ။ အဗျာ- ဝဋမနော၊ အတ္တဟိတ ပရဟိတကျိုး နှစ်ဝအတွက်ကြောင့်ကြ မဲ့ ဖြစ်သော စိတ်နှလုံးတော် သည်။ နတ္ထိ၊ မရှိ။ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဉာဏ်တော်ဖြင့် မဆင်မခြင် လျစ်လျူ ရှုသော အမှုသည်။ နတ္ထိ၊ မရှိ။

အဋ္ဌာရသဟိ၊ တစ်ဆယ့်ရှစ်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါး နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ သမ္မာ သမ္ဗုဒ္ဓါနံ၊ ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန္ဓ, ကောဏာဂမန, ကဿပ, ဂေါတမတည်းဟူသော မြတ်စွာဘုရားရှင်တို့အား။ နမော၊ ရှိခိုးပါ၏။

၆။ တထာဂတဿ၊ ဝိပဿီအစရှိသော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားအား။ ကာယဒုစ္စရိတံ၊ ကိုယ်ဖြင့်ပြုအပ်သော မကောင်းမှု 'ကာယဒုစရိုက်'သည်။ နတ္ထိ၊ မရှိ။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ဝစီဒုစ္စရိတံ၊ နှုတ်ဖြင့်ပြုအပ်သော မကောင်းမှု'ဝစီဒုစရိုက်'သည်။ နတ္ထိ၊ မရှိ။ တထာဂတဿ၊ မြတ်စွာဘုရားအား။ မနောဒုစ္စရိတံ၊ စိတ်ဖြင့်ပြုအပ်သော

မကောင်းမှု 'မနောဒုစရိုက်'သည်။ နတ္ထိ၊ မရှိ။ ဘဂဝတော၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓဿ၊ မြတ်စွာ ဘုရားအား။ အတီတံသေ၊ လွန်လေပြီးသော အဖို့ကာလ ၌။ ပဋိဟတံ ဉာဏံ၊ ဆီးတားပိတ်ပင်ခြင်း ရှိသော ဉာဏ် တော်သည်။ နတ္ထိ၊ မရှိ။ ဘဂဝတော၊ ဘုန်းတော်ကြီး သော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အနာဂတံသေ၊ နောင်လာလတ္တံ့သော အဖို့ကာလ၌။ ပဋိဟတံဉာဏံ၊ ဆီးတားပိတ်ပင်ခြင်းရှိသော ဉာဏ်တော်သည်။ နတ္ထိ၊ မရှိ။ ဘဂဝတော၊ ဘုန်းတော် ကြီးသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပစ္စုပ္ပန္နံသေ၊ မျက်မှောက် သော အဖို့ကာလ၌။ ပဋိဟတံ ဉာဏံ၊ ဆီးတား ပိတ်ပင် ခြင်းရှိသော ဉာဏ်တော်သည်။ နတ္ထိ၊ မရှိ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြုအပ်သောအမှုသည်။ ဉာဏာပုဗ္ဗင်္ဂမံ၊ ဉာဏ် တော်လျှင် ရှေ့သွားမရှိခြင်းသည်။ နတ္ထိ၊ မရှိ။ ဉာဏံ၊ ဉာဏ်တော်သို့၊ နာနုပရိဝတ္တံ၊ အစဉ်မလိုက်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ်ဖြင့် ပြုအပ်သောအမှုသည်။ ဉာဏာပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွားမရှိခြင်းသည်။ နတ္ထိ၊ မရှိ။ ဉာဏံ၊ ဉာဏ်တော်သို့၊ နာနုပရိဝတ္တံ၊ အစဉ် မလိုက်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား အား။ သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ စိတ်ဖြင့် ပြုအပ် သောအမှုသည်။ ဉာဏာပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွားမရှိခြင်းသည်။ နတ္ထိ၊ မရှိ။ ဉာဏံ၊ ဉာဏ်တော်သို့၊ နာနုပရိဝတ္တံ၊ အစဉ် မလိုက်ခြင်းသည်။ နတ္ထိ၊ မရှိ။

ဣဓ္မ ခါရဏံ၊ ဤအဆောင်သည်။ ဝါ၊ ဤဆောင်ထား အပ်သော ခါရဏပရိတ်တော်သည်။ အမိတံ၊ မနှိုင်း ယှဉ်အပ်။ အသမံ၊ တူမျှခြင်းလည်းမရှိ။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏။ တာဏံ၊ ခိုမှီ ကိုးကွယ်ရာလည်းဖြစ်၏။ လေဏံ၊ လဲလျောင်းရာလည်း ဖြစ်၏။ သံသာရဘယဘီတာနံ၊ သံသရာဘေးကို ကြောက်ရွံ့ သောသူတို့၏။ အဂ္ဂံ၊ အလွန်မြတ်သော။ မဟာတေဇံ၊ ကြီးသော တန်ခိုးရှိန်စော် အာနုဘော်ရှိသော။ ပရိတ္တံ၊ အရံအတား ဖြစ်၏။

၇။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣမံ ခါရဏပရိတ္တံ၊ ဤသို့ တန်ခိုးတေဇော် အာနုဘော်ကြီးမြတ်သော ခါရဏ ပရိတ်တော်ကို။ ခါရေယျ၊ ရွက်ဆောင်လေ့။ ဝါရေယျ၊ မှတ်သားလေ့။ ပရိပုစ္ဆာယ၊ မေးမြန်းစူးစမ်းဆင်ခြင် လေ့။ တဿ၊ ထိုသို့ရွက်ဆောင်, မှတ်သား, မေးမြန်း စူးစမ်းဆင်ခြင်သော သူ၏။ ကာယေ၊ ကိုယ်၌။ ဝိသံ၊ မြွေနဂါးစသည်တို့၏ အဆိပ်သည်။ န ကမေယျ၊ မကျ မရောက်ရာ။ ဥဒကေ၊ ရေ၌။ နလဂ္ဂေယျ၊ မငြိတွယ် မနစ်မွန်းရာ။ အဂ္ဂိ၊ မီးသည်။ နဍဟေယျ၊ မလောင်ကျွမ်း ရာ။ နာနာဘယဝိကော၊ အထူးထူး အပြားပြား များစွာ သော ဘေးရန်တို့သည် မထိရောက်နိုင်ရာ။ န ဧကာဟာ- ရကော၊ တစ်စုံတစ်ယောက်သောသူမျှ တစ်ရက်မကောင်း ကြံသောသူသည်လည်း မကြံနိုင်ရာ။ န ဒွိဟာရကော၊ နှစ်ရက် မကောင်းကြံသော သူသည်လည်း မကြံနိုင်ရာ။ န တိဟာရကော၊ သုံးရက် မကောင်းကြံသော သူသည်လည်း

မကြံနိုင်ရာ။ န စတုဟာရကောၤ လေးရက် မကောင်း ကြံသော သူသည်လည်း မကြံနိုင်ရာ။ န ဥမ္မတ္တကံၤ ရူးသွပ် ပုံ့လွင့်သော အနာလည်းမဖြစ်နိုင်ရာ။ န မူဠှကံၤ တွေဝေ မိုက်မဲသော အနာလည်းမဖြစ်နိုင်ရာ။ မနုဿေဟိၤ လူတို့ သည် လည်းကောင်း။ အမနုဿေဟိၤ ဘီလူးတို့သည် လည်းကောင်း။ န ဟိံသကာၤ မညှဉ်းဆဲ မဖျက်ဆီး မနှိပ် စက်နိုင်ရာ။

၈။ တံ ခေရဏပရိတ္တံၤ ထိုခေရဏပရိ...တော်သည်။ ယထာ ကတမေၤ အဘယ်သည်တို့နည်းဟူမူကား။ ဇာလေၤ စကြဝဠာ ကမ္ဘာတစ်သိန်းကို တစ်ပြိုင်နက် လောင်ကျွမ်း စေသော နေခုနစ်စင်း၏ အရှိန်အစော်ကဲ့သို့ ဘေးရန် အန္တရာယ်အပေါင်းတို့ကို လောင်ကျွမ်းပယ်ဖျောက် နိုင်သည့် တန်ခိုးရှိန်စော် အာနုဘော်ရှိ၏။ မဟာဇာလေၤ နတ်, သိကြား, နဂါး, ဂဠုန်, ကုမ္ဘဏ်, ဘီလူး, ရက္ခိုသ် အစရှိသည်တို့ကို တားမြစ်နိုင်သော သံကွန်ရက်နှင့် တူသော ဘုန်းတန်ခိုး ရှိန်စော် အာနုဘော်ရှိ၏။ ဇာလိတ္တော ရေ, မီး, ခိုးသူ, မချစ် မနှစ်သက်လိုသောသူဟု ဆိုအပ်သော ရန်သူအန္တရာယ် အပေါင်းကိုလည်း ပယ်ရှားတား မြစ်နိုင်၏။ မဟာဇာလိတ္တော ရောဂန္တရကပ်, သတ္ထန္တရကပ်, ဒုဗ္ဘိက္ခန္တရကပ်ဟု ဆိုအပ် သော ကပ်သုံးပါးတို့မှ ကင်းလွတ်စေနိုင်၏။ ပုဂ္ဂေၤ အမိဝမ်း တွင်း၌ ပဋိသန္ဓေ နေသော်လည်း အ-ခြင်း, ဆွံ့ခြင်း, နားပင်း ခြင်း, ရူးသွပ် ပုံ့လွင့်ခြင်း အနာမျိုးတို့မှ လွတ်စေနိုင်၏။ မဟာပုဂ္ဂေၤ သစ်ပင်တောင်ကမ်း, ချောက်တို့မှ ကျပြုံးသော် လည်း မသေနိုင်ရာ။ သမ္ပတ္တော မရသေးသော စည်းစိမ်

ချမ်းသာ ရတနာဥစ္စာအပေါင်းတို့ကိုလည်း ရစေနိုင်၏။ မဟာ သမ္ပတ္တော၊ ရပြီးသောစည်းစိမ်း ချမ်းသာရတနာ ဥစ္စာအပေါင်းတို့ကိုလည်း ကြီးကျယ်ပြန့်ပွားများစေနိုင်၏။ ဘူတဂ်မို၊ ဟုတ်မှန်သောအားဖြင့်။ တမင်္ဂလံ၊ အမိုက်ပျောက်၍ အလင်းရောက်နိုင်၏။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါပန၊ စင်စစ်မှုကား။ ဣမံ ခာရဏပရိတ္တံ၊ ဤခာရဏပရိတ်တော်ကို။ သတ္တသတ္တတိ သမ္မာသမ္ဗုဒ္ဓကောဋီဟိ၊ ခုနစ်ဆယ့်ခုနစ်ကုဋေ ကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ၊ ကောင်းစွာ ဟောတော်မူအပ်ပြီ။ ဝတ္တော၊ ကောင်းသောအကျိုးနှင့်ယှဉ်၏။ အဝတ္တော၊ မကောင်းသောအကျိုးနှင့်မယှဉ်။ ဂန္ဓဝေ၊ ကောင်းသောတရားအရသာအနံ့မျိုးကို ဆောင်၏။ အဂန္ဓဝေ၊ မကောင်းသော တရားအရသာအနံ့မျိုးကို မဆောင်။ နောမေ၊ ကောင်းသော စိတ်နှလုံးကို ဆောင်၏။ အနောမေ၊ မကောင်းသော စိတ်နှလုံးကို မဆောင်။ သေဝေ၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲရ သည်ဖြစ်၏။ အသေဝေ၊ သူတော်မဟုတ် သူယုတ်တို့နှင့် မပေါင်း ဖော်မယှဉ်တွဲ မမှီဝဲရသည် ဖြစ်၏။ ကာယေ၊ ကောင်းသောကိုယ်ကို ဖြစ်စေ၏။ အကာယေ၊ မကောင်း သော ကိုယ်ကို မဖြစ်စေရာ။ ခာရဏော၊ ကောင်းသော ကုသိုလ်အမှုကို ပြုဆောင်ရ၏။ အခာရဏော၊ မကောင်း သော အကုသိုလ်အမှုကို မပြုမဆောင်ရာ။ ဣလ္လိ၊ ကောင်း သော အိပ်မက်ကို မြင်မက်ရ၏။ မိလ္လိ၊ မကောင်းသော အိပ်မက်ကို မမြင်မက်ရ။ တိလ္လိ၊ ကောင်းသော တိတ် နိမိတ်ကို မြင်ရ၏။ မိလ္လိ၊

မကောင်းသော တိတ်နိမိတ် ကို မမြင်ရ။ ယောရုက္ခေ၊ သေပြီးသောသစ်ပင်တို့ကို ရှင်စေနိုင်၏။ မဟာယောရုက္ခေ၊ ရှင်ပြီးသော သစ်ပင် တို့ကိုလည်း အကိုင်းအခက် အရွက်အလက်တို့နှင့် ပြည့်စုံ စေနိုင်၏။ ဘူတဂ်မှိ၊ ဟုတ်မှန်သောအားဖြင့်။ တမင်္ဂလံ၊ အမိုက်ပျောက်၍ အလင်းရောက်နိုင်၏။

၃။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါ ပန၊ စင်စစ်။ ဣမံ ဓာရဏပရိတ္တံ၊ ဤဓာရဏပရိတ်တော်ကို။ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋီဟိ၊ ကိုးဆယ့်ကိုးကုဋေကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ၊ ဟောတော်မူအပ်ပြီ။ ဒိဋ္ဌိလာ၊ မကောင်းသဖြင့် ကြံသောသူတို့၏ အကြံအစည်ကိုလည်း သိမြင်နိုင်၏။ ဒဏ္ဍိလာ၊ ဓား, လှံ, လက်နက်, လေး, မြား, မီးပေါက် အမြောက်အစရှိသော ဘေးတို့သည် လည်း မထိမရောက်စေနိုင်။ မန္တိလာ၊ မန္တန်မန္တရားဂါထာ အင်းအိုင်တို့သည်လည်း ထက်မြက်နိုင်၏။ ရောဂိလာ၊ ရောဂါအန္တရာယ်မျိုးတို့ကိုလည်း ပယ်ဖျောက်နိုင်၏။ ခရလာ၊ ကြမ်းတမ်းခက်မာသော အနာရောဂါမျိုးတို့ လည်း မထိမရောက်နိုင်။ ဒုဗ္ဘိလာ၊ ကြိုး, ထိတ်, သံခြေချင်း, ကပ်ဘိ, တွင်းလှောင်, ပင်းသကား, လည်ထောက်တို့မှ လည်း လွတ်စေနိုင်၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်သော သစ္စာစကားကြောင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ (မေ၊ ငါ့အား)၊

တေ၊ သင့်အား။ (အမှာက်၊ ငါတို့အား။ တုမှာက်၊ သင်တို့အား။
သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။
ဓာရဏပရိတ်နိဿယ ပြီးပါပြီ။

---------

## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
## ဘွဲ့တံဆိပ်တော်ရ
## တောင်တန်းသာသနာပြု
## ဆရာတော်ကြီး
## ဦးဥတ္တမသာရ
## ဟောကြားတော်မူအပ်သော
## ဘေးမဲ့ဆရာတော်၏
## ဘေးရန်ကင်းကွာ စီးပွားဖြာသည့်
## ဂုဏ်တော်ကွန်ချာ

၁။ သော ဘဂဝါ ဣတိပိ အရဟံ၊
အရဟံ ဝတ သော ဘဂဝါ၊
အရဟန္တံ သရဏံ ဂစ္ဆာမိ၊
အရဟန္တံ သိရသာ နမာမိ၊
ပထမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ အရဟံ။

၂။ သော ဘဂဝါ ကြတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ၊
ဒုတိယော ဝဇိရပါကာရော၊
သော ဘဂဝါ ကြတိပိ သမ္မာသမ္ဗုဒ္ဓေါ။

၃။ သော ဘဂဝါ ကြတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊
ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သော ဘဂဝါ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ၊
တတိယော ဝဇိရပါကာရော၊
သော ဘဂဝါ ကြတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

၄။ သော ဘဂဝါ ကြတိပိ သုဂတော၊
သုဂတော ဝတ သော ဘဂဝါ၊
သုဂတံ သရဏံ ဂစ္ဆာမိ၊
သုဂတံ သိရသာ နမာမိ၊
စတုတ္ထော ဝဇိရပါကာရော၊
သော ဘဂဝါ ကြတိပိ သုဂတော။

၅။ သော ဘဂဝါ ကြတိပိ လောကဝိဒူ၊
လောကဝိဒူ ဝတ သော ဘဂဝါ၊
လောကဝိဒုံ သရဏံ ဂစ္ဆာမိ၊
လောကဝိဒုံ သိရသာ နမာမိ၊
ပဥ္စမော ဝဇိရပါကာရော၊
သော ဘဂဝါ ကြတိပိ လောကဝိဒူ။

၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ၊
အနုတ္တရော ပုရိသဒမ္မသာရထိ ဝတ သော ဘဂဝါ၊
အနုတ္တရံ ပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ၊
အနုတ္တရံ ပုရိသဒမ္မသာရထိံ သိရသာ နမာမိ၊
ဆဋ္ဌော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ။

၇။ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊
သတ္ထာဒေဝမနုဿာနံ ဝတ သော ဘဂဝါ၊
သတ္ထာရံ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊
သတ္ထာရံ ဒေဝမနုဿာနံ သိရသာ နမာမိ၊
သတ္တမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ။

၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓံ သိရသာ နမာမိ၊
အဋ္ဌမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။

၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ၊
ဘဂဝါ ဝတ သော ဘဂဝါ၊
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
ဘဂဝန္တံ သိရသာ နမာမိ၊
နဝမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ ဘဂဝါ။

၁၀။ သော ဘဂဝါ ဣတိပိ လောကဝိဒူ၊
လောကဝိဒူ ဝတ သော ဘဂဝါ၊
လောကဝိဒုံ သရဏံ ဂစ္ဆာမိ၊
လောကဝိဒုံ သိရသာ နမာမိ၊
ပဥ္စမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ လောကဝိဒူ။

၁၁။ သော ဘဂဝါ ဣတိပိ သုဂတော၊
သုဂတော ဝတ သော ဘဂဝါ၊
သုဂတံ၊ ၊ သရဏံ ဂစ္ဆာမိ၊
သုဂတံ သိရသာ နမာမိ၊
စတုတ္ထော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ သုဂတော။

၁၂။ သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ၊
အနုတ္တရောပုရိသဒမ္မသာရထိဝတ သော ဘဂဝါ၊
အနုတ္တရံ ပုရိသဒမ္မသာရထိံ သရဏံ ဂစ္ဆာမိ၊
အနုတ္တရံ ပုရိသဒမ္မသာရထိံ သိရသာ နမာမိ၊
ဆဋ္ဌော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ။

၁၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊
ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သော ဘဂဝါ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သရဏံ ဂစ္ဆာမိ၊
ဝိဇ္ဇာစရဏသမ္ပန္နံ သိရသာ နမာမိ၊
တတိယော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော။

၁၄။ သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊
သတ္ထာဒေဝမနုဿာနံ ဝတ သော ဘဂဝါ၊
သတ္ထာရံ ဒေဝမနုဿာနံ သရဏံ ဂစ္ဆာမိ၊
သတ္ထာရံ ဒေဝမနုဿာနံ သိရသာ နမာမိ၊
သတ္တမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ။
၁၅။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
သမ္မာသမ္ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သမ္မာသမ္ဗုဒ္ဓံ သိရသာ နမာမိ၊
ဒုတိယော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။
၁၆။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓံ သိရသာ နမာမိ၊
အဋ္ဌမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ။
၁၇။ သော ဘဂဝါ ဣတိပိ အရဟံ၊
အရဟံ ဝတ သော ဘဂဝါ၊
အရဟန္တံ သရဏံ ဂစ္ဆာမိ၊
အရဟန္တံ သိရသာ နမာမိ၊
ပထမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ အရဟံ။

၁၈။ သော ဘဂဝါ ဣတိပိ ဘဂဝါ၊
ဘဂဝါ ဝတ သော ဘဂဝါ၊
ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊
ဘဂဝန္တံ သိရသာ နမာမိ၊
နဝမော ဝဇိရပါကာရော၊
သော ဘဂဝါ ဣတိပိ ဘဂဝါ။

[ဂုဏ်တော်ကွန်ချာ ပြီး၏။]

--------

# မေတ္တာသုတ်တော်လာ

## မေတ္တာ (၁၁)နည်း ပွားပုံ

၁။ လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် ဖြပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၂။ ကြောက်တတ်, မကြောက်တတ်၊ နှစ်ရပ်များစွာ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် ဖြပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၃။ မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာသတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် ဖြပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ, နီးနေ၊ နှစ်ထွေများစွာ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် ဖြပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး, မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် ဖြပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ရှည်-တို-အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် ဖြပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ ကြီး-ငယ်-အလတ်၊ သုံးရပ်ခန္ဓာ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ဆူ-ကြုံ-အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

၁၀။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

၁၁။ ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

---------

## လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော

## (၇)နေ့ ဗုဒ္ဓဝင်ဘုရားရှိခိုး လင်္ကာ

### သန္ဓေယူသောနေ့ (မ-သန်)

၁။ သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြဝဠာ၊
နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊
ရတုနကို၊ ရွှန်းရွှန်းစိုသည့်၊ ဝါဆိုလပြည့်၊ ကြွက်မင်း
နေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူ၊
ငြိမ်းဘို့၊ ကိန်းပါကို။

**ဖွားတော်မူသောနေ့ (သိ=ဖွား)**

၂။ သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြဲ့၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဌ၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည် နတ်လူအောင်မြို့၊ လမ်းပါကို။

**တောထွက်သောနေ့ (ကြ=တော)**

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရှယ်၊ ပျိုနုနယ်ဌ၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုံးသစ်လျှံလူ၊ စံတော်မူ၍၊ ရှယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုး ဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ညို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ်၊ ခန်းမှာကို။

**ဘုရားဖြစ်သောနေ့ (လတ်=ပွင့်)**

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော် တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန် ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက် ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်း ပါကို။

ဓမ္မစကြာဟောသောနေ့ (တွေး=စက်)

၅။ ဘုရားဖြစ်ကာ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ပြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွကြွလျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက် ထွေပြား၊ ဟောဖော်ကြားသည့်၊ တရားနတ်စည် ရွှမ်းတည်ကို။

ပရိနိဗ္ဗာန်စံသောနေ့ (ဆ=စု)

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ် မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှမ်းဆူသောင်းလုံး ကျော်တယ်ကို။

တေဇောဓာတ်လောင်သောနေ့ (အပ်=လင့်)

၇။ နိဗ္ဗူစံပြီ၊ ရှမအီသား၊သိင်္ဂါရွှေလျှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂငျုန်နေ့ဝယ်၊ ခိုးငွေ့မနှော ဓါတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ်၊ ကြွင်းတယ်ကို။

**ရှိခိုးဆုတောင်း**

၈။ ထိုခုနှစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြက်သား၊ အထွတ်ခေါင်ဖျား၊ ကိုယ်တော်ဘုရားကို၊ သုံးပါးမှန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ုပ်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း၊ ကြွယ်စေသော်။

**ဗုဒ္ဓဝင်ဘုရားရှိခိုး ပြီး၏။**

--------

## စွယ်တော်ဘုရားရှိခိုး
## (တစ်ဦးတည်း ရွတ်ဆိုရန်)

တာဝတိံသေ စကော ဒါဌာ၊
စကော ဘုဇဂပူရကေ။
ဂန္ဓာရေ ဒန္တပူရမှိ၊
တာပိ ဝန္ဒာမိ ဓာတုယော။

စကောဒါဌာ၊ အထက်လယ်ယာ စွယ်တော်ဓာတ် တစ်ဆူ သည်။ တာဝတိံသေ၊ တာဝတိံသာ နတ်ပြည်၌။ တိဋ္ဌတိ၊ တည်နေကိန်းဝပ်တော်မူ၏။ စကောဒါဌာ၊ အောက် လက်ယာ စွယ်တော်ဓာတ် တစ်ဆူသည်။ ဘုဇဂပူရကေ၊ နဂါးပြည်၌။ တိဋ္ဌတိ၊ တည်နေကိန်းဝပ်တော်မူ၏။ စကောဒါဌာ၊ အထက် လက်ဝဲ စွယ်တော်ဓာတ်တစ်ဆူသည်။ ဂန္ဓာရေ၊ ဂန္ဓာရတိုင်း၌။

**တိဋ္ဌတိ၊** တည်နေကိန်းဝပ်တော် မူ၏။ **ကောဒါဠ၊** အောက်လက်ဝဲ စွယ်တော်ဓာတ်တစ်ဆူ သည်။ **ဒန္တပူရမှိ၊** ကလိင်္ဂတိုင်း ဒန္တပူရပြည်နယ်၌။ **တိဋ္ဌတိ၊** တည်နေ ကိန်းဝပ်တော်မူ၏။ **တာပိဓာတုယော၊** ထိုတိုင်းပြည် နိုင်ငံဒေသ ဌာနတို့၌ တည်နေကိန်းဝပ်တော်မူသော စွယ်တော်ဓာတ်လေးဆူတို့ကို။ **အဟံ၊** ကျွန်ုပ်သည်။ **ဝန္ဒာမိ၊** ဦးခေါင်းညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင် ဘုရား။

---------

## နေ့အားလျော်စွာ ပရိတ်ရွတ်ရန်အစီအစဉ်

| နေ့အမည် | ရွတ်ဆိုရမည့်ပရိတ် |
|---|---|
| တနင်္ဂနွေ | မင်္ဂလသုတ် |
| တနင်္လာ | ရတနသုတ် |
| အင်္ဂါ | မေတ္တသုတ်နှင့် ခန္ဓသုတ် |
| ဗုဒ္ဓဟူး | မောရသုတ်နှင့် ဝဋ္ဋသုတ် |
| ကြာသပတေး | ဓဇဂ္ဂသုတ် |
| သောကြာ | အာဋာနာဋိယသုတ် |
| စနေ | အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်သုတ် |

**မှတ်ချက်။** ။ ပရိတ်နိဒါန်းအဖြစ် "သမန္တာ"နှင့် ပရိတ်နိဂုံးအဖြစ် "ပုဗ္ဗဏှသုတ်"တို့ကို နေ့စဉ်ထည့်ရွတ်ပါ။

## လူမှုဆိုင်ရာ ကျင့်ဝတ်များ
## အလေးအမြတ်ပြုရမည့်အရပ် ၆-မျက်နှာ

အရှေ့ မိဘ၊ တောင်မှ ဆရာ၊ နောက်မှာ မယား၊ မြောက်ကား မိတ်ဆွေ၊ အောက်ခြေကျွန်မှတ်၊ ထက်ရပ် သံဃာ၊ မှတ်သားပါ၊ ခြောက်ဖြာ တံခါးပေါက်။

### သားသမီးကျင့်ဝတ် ၅-ပါး

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုင်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ (ကျင့်ဖွယ် သမီးတို့တာ။)

### မိဘကျင့်ဝတ် ၅-ပါး

မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေရင်းနှီး၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ။ (မြစ်ထာ=မကောင်းမှုကို ဆုံးမသွန်သင်သည်)

### တပည့်ကျင့်ဝတ် ၅-ပါး

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီး လုပ်ကျွေး၊ သင်ထွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

မှတ်ချက်။ ။ တပည့်ကျင့်ဝတ်ငါးပါး ရေတွက်ရာ၌ ညီညာထကြွနှင့် လာမူကြိုဆီးသည် ကျင့်ဝတ်တစ်ပါးတည်းဖြစ်၍ ထံနီးလုပ်ကျွေးကို ဆရာနှင့်အတူနေ၍ လုပ်ကျွေးခြင်း၊ အနီး အနား၌နေ၍ တစ်နေ့သုံးကြိမ် ဆရာ့ထံလာ၍ လုပ်ကျွေး ခြင်းဟု ကျင့်ဝတ်နှစ်ခုခွဲကာ ကျင့်ဝတ်ငါးခုဖြစ်သည်။

(လင်္ကာတစ်ပိုဒ်ကို ကျင့်ဝတ်တစ်ခုမယူရ။)/

## ဆရာကျင့်ဝတ် ၅-ပါး

အတတ်လည်းသင်၊ ပုံပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန် ဆီးကာ၊ သင့်ရာအပ်ဖို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။

## လင်ကျင့်ဝတ် ၅-ပါး

မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

## မယားကျင့်ဝတ် ၅-ပါး

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

## မိတ်ဆွေကျင့်ဝတ် ၅-ပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ။

## အလုပ်ရှင် (အရှင်) ကျင့်ဝတ် ၅-ပါး

ဝစွာလုပ်ကျွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်၊ မချွတ်ငါးခုသာ။

## အလုပ်သမား (ကျွန်) ကျင့်ဝတ် ၅-ပါး

အိပ်သော်နောက်ကျ၊ ထသော်ကားရှေ့၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးခုလုပ်သားဝတ်။

## ဒါယကာကျင့်ဝတ် ၅-ပါး

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင်ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေ ဒါယကာ။

## ရဟန်းကျင့်ဝတ် ၆-ပါး

မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွှန်သေချာ။

## ယဉ်ကျေးလိမ္မာဆုံးမစာ သံပေါက်ကဗျာများ

၁။ အနန္တငါး၊ ဦးထိပ်ထား၊ ညွှတ်တွားပါကွဲ မမေ့နဲ့။

၂။ ဆရာမိဘ၊ ဆိုဆုံးမ၊ လိုက်နာကြကွဲ မမေ့နဲ့။

၃။ မိဦး ဖဦး၊ ဆရာဦး၊ ခူး၍နော်ကွဲ မစားနဲ့။

၄။ ကိုယ့်ထက်ကြီးသူ၊ ပြောဆိုမူ၊ နင်ငါဟူ၍ မပြောနဲ့။

၅။ သူများကိုသာ၊ ရန်မရှာ၊ မခံချင်တာ မပြောနဲ့။

၆။ ယဉ်ကျေးအောင်သွား၊ ယဉ်အောင်စား စကားပြောလဲ ယဉ်စေကွဲ။

၇။ ပရမ်းပတာ၊ သူ့ထက်ငါ၊ လုယက်ကာကွဲ မစားနဲ့။

၈။ ထမင်းစားရာ၊ စားအစာ၊ များစွာမစား မပြောနဲ့။

၉။ ငြိမ်သက်သားနား၊ သတိထား၊ ကောင်းကောင်းစားကွဲ့ ဖိတ်စေနဲ့။

၁၀။ စားပြီးသောခါ၊ စင်ကြယ်စွာ၊ ဆေးကြောပါကွဲ့ ကောင်းကောင်းတဲ့။

၁၁။ လက်ကိုလျက်ကာ၊ မစားရာ၊ ရှောင်ရှားပါကွဲ့ ကောင်းကောင်းတဲ့။

၁၂။ နှုတ်ခမ်းပါးနား၊ လျက်ကာစား၊ ရှောင်ရှားပါကွဲ့ ကောင်းကောင်းတဲ့။

၁၃။ လျှာကိုထုတ်ကာ၊ မစားရာ၊ ရှောင်ရှားပါကွဲ့၊ ကောင်းကောင်းတဲ့။

၁၄။ ဟင်းရေသောက်ပြန်၊ ရှူးရှူးသံ၊ ကေန်မပြုနဲ့။

၁၅။ ထမင်းဟင်းပေလျက်၊ သောက်ရေခွက်၊ လက်နှင့် မကိုင်နဲ့။

၁၆။ အိမ်ပေါ် ကျောင်းပေါ်၊ ဇရပ်ပေါ်၊ သွားသော် ခြေနင်းမပြင်းနဲ့။

၁၇။ ရဟန်းသံဃာ၊ ရှေ့မှောက်မှာ၊ ရိုသေစွာတဲ့ သွားပါကွဲ့။

၁၈။ လူကြီးသူမ၊ ရှေ့သို့ကျ၊ ကုန်းကွ၍တဲ့ သွားပါကွဲ့။

၁၉။ ဒူးထောင် ပေါင်ကား၊ ဆရာနား (မိဘနား)၊ အလျားမှောက်၍ မနေနဲ့။

၂၀။ အိပ်ရာနေရာ၊ အိပ်ပြီးခါ၊ သိမ်းကြပါကွဲ့၊ ကောင်းကောင်းတဲ့။

၂၁။ သောက်ရေသုံးရေ၊ မရှိချေ၊ ရေကိုခပ်ကွဲ့ မပျင်းနဲ့။

## ဒိသာဖရဏ မေတ္တာပွားပုံ

၁။ အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါ တို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၂။ အနောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တ သတ္တဝါတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၃။ မြောက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တ သတ္တဝါတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၄။ တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တ သတ္တဝါတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၅။ အနောက်တောင်ထောင့်အရပ်၌ရှိသော အနန္တ စကြ ဝဠာ
အနန္တသတ္တဝါတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၆။ အနောက်မြောက်ထောင့်အရပ်၌ရှိသော အနန္တ စကြ ဝဠာ
အနန္တသတ္တဝါတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၇။ အရှေ့မြောက်ထောင့်အရပ်၌ရှိသော အနန္တ စကြ ဝဠာ
အနန္တသတ္တဝါတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၈။ အရှေ့တောင်ထောင့်အရပ်၌ရှိသော အနန္တ စကြ ဝဠာ
အနန္တသတ္တဝါတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၉။ အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ စကြ ဝဠာ
အပါယ်ဘုံသား အနန္တသတ္တဝါတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၀။ အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ စကြ ဝဠာ
အနန္တ နတ်ဗြဟ္မာတို့-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

## ဆုတောင်းအမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ် တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင် တို့အား၊ ရပြောပါစေ၊ အမျှဝေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့် နတ်လည်း၊ မလပ်စေရ၊ ပေးဝေ၄၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ က္ကန္ဒဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ် ပုညာ၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်လာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိ ခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျ အား၊ အမျှကုသိုလ်၊ ပေးဝေလို၏။ ထိုကုသလ၊ ဤ ပုညကို၊ အမျှရကြသည်ဖြစ်စေသော်။

ဝသုန္ဒရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေ အမှု တည်စေသော်။

အားလုံး ကြား-ကြသမျှ-အမျှ-အမျှ-ယူတော်မူကြပါ ကုန်လော့။

----------

သာဓု-သာဓု-သာဓု-

## နတ်ပြဟ္မာများပြန်လည်ပို့ဆောင်ရန်

မဟာပုညာဘိသန္ဒော ဘော၊ သိဒ္ဓေါဝ နိရူပဒ္ဒဝေါ။
ဂစ္ဆန္တု သွာဂတာ ဒေဝါ၊ မောဒန္တာ သုဋ္ဌုမာနသာ။

ဘော၊ ဓမ္မစကြာ ဒေသနာကို စေတနာစိုက်စူး၊ သဒ္ဓါထူး ဖြင့် ကြည်နူးရွှင်းပြ ရွတ်နာကြသည့် ဓမ္မမိတ်ပေါင်း သူတော်ကောင်းတို့။ မဟာပုညာဘိသန္ဒော၊ ဓမ္မစကြာဒေသနာဖြင့် မြတ်စွာဇိနော် စိန္တေယျော်အား ပူဇော်သက္ကာရ အားသစ် ကြသည့် များလှသည်ပင် ကြီးမြတ်သောကုသိုလ် အယဉ်သည်။ နိရူပဒ္ဒဝေါ၊ ဥပါဒ်ဟူ၍ မြူမငွေ့သည်ဖြစ်၍။ သိဒ္ဓေါဝ၊ သူငါ ရွှင်ပြုံး ပီတိဖုံးလျက် နိဂုံးတိုင်မြောက် အပြီးသို့ရောက်ခဲ့ လေပြီ။ သွာဂတာ၊ ကျွန်ုပ်တို့နှုတ်မြွက် ပင့်ဖိတ်ချက်ကြောင့် နှစ်သက် ဝမ်းသာ ကြွရောက်လာကြကုန်သော။ ဒေဝါ-ဒေဝါပိ၊ တန်ခိုး တေဇာ ဖြိုးဝေဖြာလျက် ဂုဏ်ဝါကြီးမား အရှင်နတ် ပြဟ္မာ များတို့သည် လည်း။ သုဋ္ဌုမာနသာ၊ လူ့ပြည်လူသား ဒို့မိတ်များ လျှင် တရားနက် ခေါင် သလက်ဆောင်ကို အောင်နိဗ္ဗူရောက် ကျေးဇူးတော် ထောက်လျက် ချီးမြှောက်ကုန်၏ဟု သတိသမ္ပဇဉ် စိတ်ကောင်း ယှဉ်တော်မူကြကုန်လျက်။ မောဒန္တာ၊ ပြုံးတစိမ့်စိမ့် နှလုံးဖိမ့်၍ နှစ်သိမ့်ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ဂစ္ဆန္တု၊ ကိုယ်စိတ် နှစ်ခြိုက် လက်ဆောင်ပိုက်၍ ပျော်ပိုက်နေကြ မိမိတို့စံရာ ဘုံဌာနဆီသို့ မှန်စွာမနေ ပြန်ပါလေတော့ ပြန်ကြွ တော်မူကြပါစေကုန် သတည်း။

**သာဓု-သာဓု-သာဓု**

## နတ်ပြဟ္မာများပြန်လည်ပို့ဆောင်ရန် (ပဋ္ဌာန်း)
(တစ်ဦးတည်းရွတ်ဆိုရန်)

ဧတ္တာဝတာ စ အမှေဟိ၊
သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေဒေဝါ’ နုမောဒန္တု၊
သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။

ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊
ဂစ္ဆန္တု ဒေဝတာ ဂတာ။

ဧတ္တာဝတာ၊ ဤမျှ အတိုင်းအရှည်ရှိသော ပါဠိမပျက် အနက်မချွတ် နှုသံလွတ်၍ ရွတ်ဖတ်အပ်သောအစဉ်ဖြင့်။

အမှေဟိ၊ ပရိတ်တရား ရွတ်ပွားအားထုတ် အကျွန်ုပ်တို့သည်။

သမ္ဘတံ၊ ပါရမီပြည့်ကြောင်း သဒ္ဓါလောင်း၍ ကောင်းစွာဖြည့် ကျင့်ဆည်းပူးအပ်သော။

ပုညသမ္ပဒံ၊ ကိလေသာကြေးညှော်ကို ဆေးလျှော်သန့်ရှင်း ဖြူစင်သော ကောင်းမှု၏ ပြည့်စုံခြင်းကို။

သဗ္ဗေ ဒေဝါ၊ ခပ်သိမ်းကုန်သော နတ်တို့သည်။

သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ လောကုတ်လောကီ နှစ်လီဆုံးကုန် အလုံးစုံသော ဂုဏ်သိန်တန်ခိုးစည်းစိမ်ချမ်းသာ၏ပြီးစီးခြင်း အကျိုးငှာ။

အနုမောဒန္တု၊ ပါရမီပြည့်ကြောင်း သူတော်ကောင်းတို့ နှစ်ထောင်အားရမ်း ပြုနိုင်စွမ်းကြသည်ဟု ဝမ်းမြောက် နှစ်သက် ကြပါစေကုန်သတည်း။

သဒ္ဓါယ၊ ရတနာသုံးတန် ကံ, ကံ၏အကျိုးကို မြတ်နိုး ယုံကြည်တတ်သော သဒ္ဓါတရားဖြင့်။

ဒါနံ၊ မိမိနှင့်ထိုက်တန်သော လှူဒါန်းရန်အစုစု ဆွမ်းစသော ဒါနဝတ္ထုကို။

ဒဒန္တု၊ နှစ်သက်ရွှင်ပြ လှူဒါန်းကြစေကုန်သတည်း။

သဗ္ဗဒါ၊ နေ့ညဉ့်မခြား အခါခပ်သိမ်း။

သီလံ၊ ကောင်းကျင့် ကောင်းကြံ မြဲမြံစွာ ကျင့်သုံးအပ်သော သီလကို။

ရက္ခန္တု၊ သီလကျေးဇူး ဂုဏ်အထူး၌ နှူးညွှတ်အာရုံစောင့်ရှောက် ကြပါစေကုန်သတည်း။

ဘာဝနာဘိရတာ၊ သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း၌ ရွှင်လန်းမွေ့လျော်ကြကုန်သည်။

ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

အာဂတာ၊ ပရိတ်တော်ကို နာခံလို၍ ထိုထိုအရပ်မှ လာရောက်ကြကုန်သော။

ဒေဝတာ၊ သမ္မာဝါဒီ ပါရမီမွေ့လျော် နတ်သူတော်တို့သည်။

ဂစ္ဆန္တု၊ ကိုယ်စီကိုယ်စီ ထို့ကြောင့်ရပ်ဘောင် ဓာတ်တန်ဆောင်နှင့် လျှပ်ရောင်လျှံသန်း ဗိမာန်နန်းသို့ စံမြန်းပြန်သွား ကြပါကုန်လော့။

## မေတ္တာပရိတ်နိဂုံး

ကြမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ကြမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ကြမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

ကြမာယ ဓမ္မနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင် ဘုရား။ ကြမာယ ဓမ္မနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင် ဘုရား။ ကြမာယ ဓမ္မနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင် ဘုရား။

## ဆုပေး

ဓမ္မံ သုတွာန ဒါနာဒိံ၊ ကရောန္တာနံ အနာမယံ။
ဘဒ္ဒံ ဟိတံ သုခံ ဟောတု၊ မယံ ပတ္တေမ သုန္ဒရံ။

ဘဝန္တော၊ ပရိတ်မေတ္တာ ဓမ္မစကြာ ဒေသနာကို သေချာ မှတ်သား အို--သူတော်စင်အများတို့။ ဓမ္မံ-ဘေး အန္တရာယ် အသွယ်သွယ်ကို ကာကွယ်တားဆီး ဓမ္မစကြာ ဒေသနာများကို။ သုတွာန၊ သေသေချာချာ စေတနာဖြင့် ဂေဟာ ဖိတ်ကြား ရှိစွာနာကြားပြီး၍။ ဒါနဒိံ၊ စားသောက်ဖွယ် အလှူ အတန်တန်ဖြင့်

ဧည့်ခံပြုစု ဒါနယခု မြတ်ကောင်းမှုကို။ ကရော့န္တာန်၊ မနှေးတမူ အရေးယူ၍ ပေးလှူကြငြား ကုသိုလ်ရှင်အများတို့အား။ အနာမယဥ္စ၊ ဘယာမဖတ် ယုန်ငွေစက်သို့ ပပလှဲဝင်း ရောဂါကင်းရှင်းသည် လည်းကောင်း။ ဘဒ္ဒဥ္စ၊ သိရီကြက်သရေ မင်္ဂလာဝေ၍ တက်နေ မယွင်း ကောင်းမြတ်သော ပြည့်စုံခြင်းသည်လည်းကောင်း။ ဟိတဥ္စ၊ လောကုတ် လောကီ သဘောညီသည့် ဇောကြည်တင့်ထွား ကောင်းမြတ် သော အစီးအပွားသည် လည်းကောင်း။ သုခဥ္စ၊ ရေတွေ့ ကြာပန်း လငွေစန်းသို့ ရွှင်လန်းငေ့ဘးကင်း အေးမြ ခြင်းသည် လည်းကောင်း၊ ဟောတု၊ ယနေ့ကစ၍ နိဗ္ဗာန်ရသည့် ဘဝ တိုင်အောင် မုချမ သွေဖြစ်ပါ်စေသတည်း။ (ဣတိ၊ ဤသို့ လျှင်) မယံ၊ ဒါနသီလ စသည်ပေါင်းစစု ကောင်းမှုပြုလုပ် အကျွန်ုပ် တို့သည်။ သုန္ဒရံ၊ စိတ်ဇောမနသီ ရွှင်ကြည်ဝမ်းသာ ေ ကာင်း မွန်စွာ။ ပတ္ထေမ၊ သုခဖြာဖြာ ရပါစေကြောင်း တောင့်တကြကုန် သတည်း။

## ဒဂုံ ဦးထွန်းမြင့်၏
## ၃၈-ဖြာ မင်္ဂလာကဗျာများ
### ၁။ ယံမင်္ဂလံ ဂါထာ

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတရားကို
နတ်လူအများ ကြံစည်ပေ။
ဘယ်သင်းဘယ်ဟာ မင်္ဂလာစစ်ဟု၊
သေချာဇာစ်မြစ်မသိပေ။
ဆယ့်နှစ်နှစ်တိုင်တိုင် နှုတ်ပြိုင်ငြင်းလို့၊
မင်္ဂလာအခင်း မပြီးပေ။
မင်္ဂလာတရား၊ ဝါဒများ၊ ကွဲပြားနတ်လူတွေ။
အဲဒါကြောင့် ကြံကြ စည်ကြ ကမ္ဘာ့ မင်္ဂလာတွေ။

### ၂။ ဧဝံ မေ သုတံ ဂါထာ

သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌၊
ကိန်းအောင်းပျော်ပိုက် မြတ်စိန္တေ၊
သန်းခေါင်ယံခါ မထင်ရှားသည့်၊
နတ်သားတစ်ယောက် ချဉ်းကပ်လေ၊
လေးမြတ်ရှိသေ မင်္ဂလာသဘောကို၊
ထင်ရှားဟောဖို့ လျှောက်ပန်ချွေ၊
အသေဝနာတရား၊ အစထား၊ ဟောကြားမိန့်ခဲ့ပေ။
အဲဒါကြောင့် နာရကြားရ ကမ္ဘာ့မင်္ဂလာတွေ။

### ၃။ အသေဝနာ စ ဂါထာ

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊
မမှီဝဲနဲ့ ကင်းအောင်နေ၊
ပညာရှိကို အရှည်တွဲလို့၊
မှီဝဲစည်းကပ် နည်းယူစေ၊
သုံးပါးရတနာ မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ၊
ချမ်းကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

### ၄။ပဋိရူပ ဂါထာ

ကုသိုလ်ပညာ ဥစ္စာရဖို့၊
သင့်ရာဒေသ အမြဲနေ၊
ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊
ကောင်းမှုအထူးရှိပါစေ၊
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊
မတိမ်းစေနဲ့ ဆောက်တည်လေ၊
ဥစ္စာကိုပေး၊ နေထိုင်ရေး၊ မျှော်တွေးသုံးချက်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ၊

### ၅။ ဗာဟုသစ္စဥ္စ ဂါထာ

တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ၊
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
အသက်မွေးဖို့ အသတ်သင်လေ၊

လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ၊
မှန်ကန်ယဉ်ကျေး၊ ချိုသာအေး၊ ဆိုရေးတတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၆။ မာတာပိတု ဂါထာ

မြင်းမိုရ်ရွှေတောင် မိဘကြွေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ၊
ကြွေးသစ်ချကာ သားနှင့်မယား၊
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ၊
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ၊
စည်းစိမ်ကိုပေး ပြုစုရေး၊ မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၇။ ဒါနဥ္စ ဂါထာ

သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှ လှူနိုင်စေ၊
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ၊
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊
သင်္ဂဟတရားနှင့် ချီးမြှောက်လေ၊
သန့်စင်ပြစ်မျိုး၊လူထုကျိုး၊ သယ်ပိုးဆောင်ရွက်စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

### ၈။ အာရတီ ဂါထာ

မကောင်းမှုတွေ ဟူသမျှကို၊
မတွေ့ခင်က ရှောင်ကြဉ်လေ၊
တွေ့ကြုံလာလျှင် မလွန်ကြူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ၊
အရက်သေစာ မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့ အရာပေ၊
လုပ်ကိုင်ပြောကြား၊ သတိထား၊ တရားမမေ့စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

### ၉။ ဂါရဝေါ စ ဂါထာ

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
ဆည်းကပ်ခစား ရှိသေလေ၊
မာနတံခွန် ဂုဏ်မကြွနဲ့၊
ကိုယ့်ကိုနိမ့်ချ အမြဲနေ၊
လောဘအပို လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ၊
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး၊ အထူးသိတတ်စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

### ၁၀။ ခန္တီ စ ဂါထာ

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ၊
ကျိုးကြောင်းပြည့်ဝန် ဆုံးမစကား၊
ပြောကြားလာက နာလွယ်စေ၊

သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊
မကြာခဏ တွေ့ဆုံလေ၊
သဘာဝတွေး၊ မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၁၁။ တပေါ စ ဂါထာ

လောကီအာရုံ ဇိမ်ယစ်မူးလို့၊
အပျော်မကြူးနဲ့ ခြိုးခြံလေ၊
မေတ္တာပြဟ္မစိုရ် လက်ကိုင်သုံးလို့၊
သူမြတ်ကျင့်ထုံး ယွင်းမသွေ၊
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
အမှန်သိအောင် ကြိုးစားလေ၊
ဒုက္ခလွတ်ကင်း၊ နိဗ္ဗာန်ချဉ်း၊ အလင်းပေါက်နိုင်စေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၁၂။ ဖုဋ္ဌဿ ဂါထာ

ဆင်းရဲချမ်းသာ သဘာဝ၊
တွေ့ကြုံနေကျ လူတိုင်းပေ၊
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊
တလဲစီ လှည့် အမြနေ၊
လောကဓံကြုံ မဖြုံတမ်းပေါ့၊
မတုန်စမ်းနဲ့ စိတ်ခိုင်စေ၊
သောကကိုထိန်း၊ ရမ္မက်သိမ်း၊ အေးငြိမ်းချမ်းသာနေ၊
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

## ၁၃။ တောဒိသာနီ ဂါထာ

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊
လိုက်နာကျင့်သုံး ပန်သူတွေ၊
စီးပွားချမ်းသာ ကျက်သရေတိုးလို့၊
ကောင်းကျိုးစည်ပွင့် တဝေဝေ၊
ဘေးရန်ကင်းကွာ ချစ်သူပေါလို့၊
စိတ်ရောကိုယ်ရော ချမ်းသာမပေ၊
မပြောဆိုကြဲဆ၊ ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ၊
အဲဒါကြောင့် ဝန်ကြဆင်ကြ မင်္ဂလာ့ပန်းခိုင်တွေ။

၂၃၆၆၄
စာကြည့်တိုက်

---------

ပ.မ.သ.၈-၃၆/၂၃.၀၂.၂၀၀၈ (၁၅၀၀) လစ်ပို၊ မြဇပ။

J